# ဆုမြတ်မွန်မွန်

## လိမ္မော်ပင်ပျိုလေးရဲ့ ကောင်းဘွိုင်



၁

မေသည် ကြီးမားသော လက်ငှေ့ချ်ကြီးကို ဆွဲလာရင်းမှ ချွေးပြန်၍ လာလေသည် ။ အေးမြ သော ရာသီဥတုကြောင့်သာ မဟုတ်ခဲ့ပါက အခု လောလောဆယ်တွင် ဒေါသထွက်တာနှင့် မောပန်းမှု ပေါင်းကာ အသက်ထွက်သွားနိုင်လောက်သည် ။ ဒီကြားထဲမှာ မှ ဒေါက်ဖိနပ်နှင့် မြေလမ်းက အဆင် မပြေတာက တစ်ဒုက္ခ။ ကျိုးနင်း ကျိုးနင်း လျှောက်လာရင်းမှ ကိုယ့်အဖြစ်ကိုယ် အတော်စိတ်ပျက်၍ နေသည် ။

ကျွတ် … နယ်မြို့တွေဟာ အဲဒီတစ်ခုတော့ ဆိုးတာပါပဲ။ ရန်ကုန်မှာ သာဆို ဘယ်နေရာပဲဖြစ် ဖြစ် လက်တစ်ဖက်ရှေ့ဆန့်လိုက်တာနဲ့ အဆင်ပြေသွားပြီ။ (တက္ကစီဖမ်းထားတာကို ဆိုလိုတာပါ)

အခုတော့ ဘာတစ်ခုမှ အဆင်မပြေချေ။ မြို့ထဲဘက် မဟုတ်သဖြင့် ရထားလုံးလည်း မရှိ ဘာမှ မရှိ ကိုးခြောက်ကိုးသုံးနည်းနဲ့ သာ အားထုတ်ပေရော့ပဲ။ တကယ်ဆို မေဟာ ဒီလိုဒုက္ခရောက်နေ စရာ ဘာအကြောင်းမှ မရှိပေ။ မင်္ဂ လာလေဆိပ်က ထွက်တော့လည်း အဆင်ပြေပြေ၊ လေယာဉ်စီးစဉ် တစ်လျှောက်မှာ လည်း ဘာပြဿနာမှ မရှိ။ တံတားဦးလေဆိပ်သို့ ကြိုတင်မှာ ကြားထားသော စင်းလုံးငှား စူပါရစ်ကားကိုလည်း အလွယ်တကူပဲ တွေ့သည် ။

အဲဒီကနေ ပြောင်းလဲသွားတဲ့ ပတ်ဝန်းကျင်ဒေသရှုခင်းတွေကို ငေး

မောကာ စိတ်ထဲမှာ ထည့်ပါလာသော အဖုအထစ်တွေကိုတောင် မေ့လျော့လျက် စိတ်ကြည်နူးလာလိုက်တာ၊ အဖြစ် အပျက်ကတော့ ဆင်ပြောင်ကြီး အမြီးကျမှ တစ်ဆိုသလို ရောက်ပြီးမှ ပဲ ဖြစ်တော့တာဖြစ်လေသည် ။

မေ စီးလာသောကားဟာ သွားမယ့်ခြံရောက်ခါနီးမှာ ပန်ကာကြိုးပြတ်တော်မူသဖြင့် ဘယ်လို မှ ဆက်သွား၍ မရနိုင်တော့ပြီ။ မေက လမ်းလျှောက်သွားတော့မယ်ဆိုတော့ ကားသမားက တောင်း တောင်းပန်ပန်နှင့်တော့ ပြောရှာသည် ။ သို့သော် ဘာလုပ်မလဲ။ သူ ကြိုးသွားဝယ်မှာက မြို့ထဲကို။ သွားတာနဲ့ လာတာနဲ့ ပြင်တာနဲ့ သူက ပိုတောင်ကြာဦးမည်။ ဒီတော့ အရာရာမှာ စိတ်မြန်ကိုယ်မြန်ရှိ သော မေသည် ကိုယ့်အထုပ်ကိုယ်ဆွဲလျက် လမ်းလျှောက်တော့သည် ပေ့ါ။

မေ သွားရမည့်ခြံဟာ ကားလမ်းမကြီးကနေ အထဲကို တော်တော်ဝင်ရသည် မို့ လမ်းလျှောက် ရတာနဲ့ ကို ချွေးကစို့ လာပြီဖြစ်သဖြင့် ဝတ်လာသောကုတ်အင်္ကျီကို ချွတ်ကာ ခါးမှာ ချည်ပစ်လိုက် သည် ။ ကုတ်လက်ရှည်အတိုနှင့် စတိုင်ပန်ဘောင်းဘီရှည်တို့ သည် လေယာဉ်ပေါ်မှာ တော့ စမတ်ကျ လှပကြော့ရှင်းနေခဲ့သလောက် မြေနီလမ်းမှာ လမ်းလျှောက်နေတဲ့ အချိန်မှာ တော့ ဘယ်လိုမှ မလှပ မကြော့ရှင်းနိုင်တော့ပြီ။

ဒီလိုပဲ အရာအားလုံးဟာ သူ့နေရာနဲ့ သူ လိုက်ဖက်ညီမှ ပဲ ကောင်းတယ်။ မလိုက်ဖက်တာကို ဇွတ်အတင်းညှိနေလို့ ကတော့ အလကားပဲ။

အမယ်လေး ... မောလိုက်တာ။ လမ်းကလည်း ခွေးတစ်ကောင်ကြောင်တစ်မြီးမှ တောင် မမြင်မိပါလား။ ဟောဟဲ ... ဟောဟဲ ...။

မေသည် ရင်ထဲမှ အတွေးမောကြီးနှင့် အမောဒဏ်ကို မခံနိုင်တော့

သည့်အဆုံး လက်ဂေ့ချ်ကို ဘေးချကာ အိတ်ပေါ်မှာ ပဲ ထိုင်ချလိုက်တော့ လေသည် ။ မောမောနှင့် စိတ်တိုသမျှ သတိရမိသော လူများအားလုံးကို ကျိန်စာတိုက် အမျှဝေနေတုန်းမှာ ပဲ မေ့နားထဲသို့ စက်သံသဲ့သဲ့တစ်ခု တိုးဝင်လို့ လာသည် ။ ဟော ... ကားစက်သံတစ်ခုပဲ။ ဘုရားသိကြားမ, လို့ လမ်းကြုံလိုက်ခွင့် ရပါစေ။

မေသည် လက်နှစ်ဖက်ကို ယှက်၍ တိတ်တခိုးဆုတောင်းလိုက်ရင်းမှ မတ်တတ်ထ,ရပ်လိုက် ကာ စက်သံလာရာလမ်းသို့ ခုန်ဆွခုန်ဆွ မျှော်ကြည့်မိသည် ။ ဆူညံကျယ်လောင်သော စက်သံဟာ တဖြည်းဖြည်းနီးကပ်လာလျက် အချိုးအကွေ့မှ ဘွားခနဲထွက်ပေါ်လာတာကို တွေ့လိုက်ရသည် ကား စက်တပ်ယာဉ်တော့ စက်တပ်ယာဉ်။ သို့သော် ...။

"ဟင် ... ဒေါ်လှကြည်ကြီးတော့"

မေသည် ပါးစပ်မှ စိတ်ပျက်လက်ပျက်နှင့်ပင် ယောင်ယမ်း၍ ထွက်မိသွားသည် ။ တဖုန်းဖုန်း တဒိုင်းဒိုင်းနှင့် စက်သံဆူညံနေသော ထော်လာဂျီကတော့ ယိမ်းထိုး ယိမ်းထိုးဖြင့် မောင်းလာတာ မတ်တတ်ရပ်နေသော မေ့ကို မြင်သွားဟန်တူသည် ။ မိုးတိုးမတ်တတ်၊ အိတ်တစ်လုံးနှင့် ကိုးရိုးယား ယားဖြစ်နေပုံကြောင့် စက်ရှိန်ကိုသတ်ကာ အနားသို့ ထိုးရပ်လာသည် ။ စက်မရပ်ထားသော ထော်လာ ဂျီစက်သံသည် တဖုန်းဖုန်း တဒိုင်းဒိုင်းဖြင့် နားမခံနိုင်အောင်ကို ဆူညံ၍ နေလေသည် ။

မေက ထော်လာဂျီမောင်းလာသောလူကို "ဘယ်လိုလဲ"ဟူသော သဘောဖြင့် မျက်မှောင် ကုတ်ကြည့်မိသည် ။ ဘာအရောင်ပေါက်နေမှန်းကို မတင်စားတတ်သော ရှပ်အင်္ကျီလက်ပြတ်နှင့် အရောင်လွင့်နေသော ဂျင်းဘောင်းဘီကို ဝတ်ဆင်ထားသော မွဲညစ်ညစ်ကပ်ဦးထုပ်တစ်လုံးကို ဆောင်းထားသော ထော်လာဂျီမောင်းသူက စက်သံများကြားမှ မေ့ကို န

င်းကန်အော်မေးနေသည် ။

"ဘယ်ကိုသွားမှာ လဲ"

မေသည် တဖုန်းဖုန်း တဒိုင်းဒိုင်း မြည်နေသော စက်သံသံကျယ်နှင့် အပြိုင် အော်ဟစ်မေးနေ သော ထော်လာဂျီသမားကို စိတ်ပျက်လက်ပျက်နှင့် နှာခေါင်းမရှုံ့မိအောင် အတော်အောင့်ထားရလေ သည် ။ တောက် ... တွေ့မယ်တွေ့တော့လည်း ထော်လာဂျီနဲ့ မှ ။ မေသည် မဖြေမချင်း ထပ်မေးနေသော ထော်လာဂျီသမားကို သူ့အတိုင်းပဲ ပြန်အော်ရသည် ။

"ရှင့်စက်ကြီးကို ခဏလောက်ပိတ်ထားစမ်းပါ"

"ပိတ်လို့ မရဘူး။ ပြန်နိုးရခက်တယ် ပြော ... ပြော ... ဘယ်သွားမှာလဲ၊ အကောင်းမေးနေ တာ"

အံမယ်လေး ...။ သူကပဲ တစ်ပြန်စီး စိတ်တိုရတယ်ရှိသေး။ မေသည် မောရတဲ့ ကြားမှာ မှ ညှော်ကလည်း ညှော်၊ နံကလည်း နံ၊ မီးခိုးငွေ့တွေ ထွက်၊ နားမခံနိုင်လောက်အောင် ဆူညံနေသော ဤ ထော်လာဂျီကြောင့် ပို၍ အမောဆို့သွားသည် ။ ကြည့်ပေဦး၊ တစ်စီးလုံး ဘယ်နေရာမှ ထိုက်လိုက်ချင် စရာ မရှိ။ မေ ဝတ်လာသော ဘောင်းဘီအဖြူနဲ့ သာ ထိုင်လိုက်လို့ ကတော့ ရစရာကို ရှိမှာ မဟုတ် တော့ပေ။ ပြီးတော့ ... ဒီလမ်းနဲ့ ဒီထော်လာဂျီနဲ့ ဆန်ကောထဲကို ဆီးဖြူသီးထည့်လှိမ့်တာမှ သက်သာ ပေဦးတော့မည်။ မေက ရှုံ့ရှုံ့မဲ့မဲ့နှင့်ပင် ခေါင်းခါပြလိုက်ကာ ...

"ရတယ် ... ရတယ် ... မလိုက်ဘူး"

"အထဲထိဆိုရင် ဝေးတယ်နော်"

အရေးထဲမှာ စေတနာတွေပို သဒ္ဒါစကားတွေပိုနေသော ထော်လာဂျီ

သမားကို မေက မျက်စောင်းတစ်ချက်ပင် ပေါ်တင်ထိုးပစ်လိုက်ကာ ...

"အဲဒါ ရှင့်အရေးလား၊ သွားမှာ သာသွား"

"စေတနာနဲ့ ပြောနေတာ"

စေတနာနဲ့ ပြောသော စကားကလည်း စက်သံကျယ်ကျယ်နှင့် ဟာမိုနီလိုက်စွာ ဆောင့်ကြီး အောင့်ကြီးထွက်လာတာမို့ နားထဲမှာ မိုးကြိုးပစ်သလားတောင် အောက်မေ့ရပေသည် ။ မေသည် ထွက်မသွားနိုင်သေးသော ထော်လာဂျီသမားကို စေ့စေ့ကြည့်ကာ ဒေါသတွေ အလိပ်လိုက်ထွက်လာ ရသည် ။

ဒီတော့မှ ထော်လာဂျီကိုယ်တော်ကား မေ့ရဲ့ အတွင်းသဘောကို ရိပ်မိဟန်ဖြင့် မဲ့ပြုံးဆန်ဆန် တစ်ချက်ပြုံးကာ ထော်လာဂျီကို မောင်းထွက်သွားတော့တာဖြစ်သည် ။ မေသည် လက်ဂ်ငွေချ်ပေါ်မှာ စိတ်ပျက်လက်ပျက်ဖြင့် ထိုင်ချလိုက်ရင်း ဖင်ကပ်သာကျန်တော့သော ရေသန့်ဘူးကို မော့ချလိုက်သည် ။ အဲဒီနောက်မှာ တော့ ဒေါသထွက်တိုင်း မြင်ယောင်လာနေကျဖြစ်သည့် တစ်စုံတစ်ယောက်ကို မြင်ယောင်လာကာ ရေသန့်ဘူးကို သူ ထင်သည့်အလား စိတ်ရှိလက်ရှိ ဖျစ်ညှစ်ချပစ်လိုက်တော့လေသည် ။

*****

သူ ခြံရှေ့သို့ ရောက်တာနှင့် သူ ပြန်ရောက် လာပြီဆိုတာကို ခြံလုပ်သားတွေအား ဟွန်းတီး၍ ခေါ်စရာမလိုချေ။ လမ်းအကွေ့သို့ ရောက်တည်းကပင် သူ ပြန် လာပြီဆိုတာကို ထော်လာဂျီစက်သံ ကြားတာနှင့် သူ့ခြံထဲက လူတွေအားလုံးသိပြီးဖြစ်သည် ။ အဲဒီအခါမှာ လည်း ခြံတံခါး

က အဆင်သင့်ဖွင့်ပြီးသား။ သူက ခြံထဲသို့ ထော်လာဂျီကို ချိုးကွေ့ဝင်လိုက်ကာ ရပ်နေကျအတိုင်း ခြံထောင့်မှာ ရပ် ထားလိုက်သည် ။ ထော်လာဂျီပေါ်က ခုန်ဆင်းလာလျှင် သူ့တပည့် နောင်ထွေးက အနားသို့ ရောက်လာကာ ...

"အဆင်ပြေခဲ့ရဲ့ လား ကိုခြူး"

သူက နောင်ထွေးကို အပြုံးနှင့် ခေါင်းတစ်ချက်ဆတ်ပြရင်းမှ ပခုံးဖက်ကာ အိမ်ရှေ့က ကွပ်ပျစ်ဆီသို့ လျှောက်လာခဲ့ကြသည် ။ အရင်နေ့တွေက သူနှင့် နောင်ထွေးတို့ နှစ်ဦးသာ အမြဲတမ်း နွားနို့ပို့၊ ကြက်ဥပို့သည့်တာဝန်ကို အမြဲအတူထမ်းဆောင်ခဲ့ရာ၊ နောင်ထွေး နေမကောင်းဖြစ်နေသော အခါ ဒီတာဝန်ကို သူ တစ်ဦးတည်း ဒီနေ့ယူသည် ။

"မင်းရော သက်သာရဲ့ လား"

"သက်သာပါတယ် ကိုခြူးရေ၊ ကျွန်တော်က ကိုခြူးကိုပဲ စိတ်ပူနေတာ"

"ဟား ... စိတ်ပူရအောင် ငါက မိန်းကလေးမှ မဟုတ်တာ၊ ငါ တစ်ယောက်တည်းလည်း ဖြစ်ပါတယ်ကွာ၊ မင်းရော ပန်းလာယူတဲ့ ဖောက်သည် တွေနဲ့ အဆင်ပြေလား"

"ဒါနဲ့ မင်း ... ဖိုးလုံးတို့ ကိုရော ကြက်ခြံတွေဘက် သေချာစစ်ခိုင်းရဲ့ လား"

"စစ်တယ် ကိုခြူး၊ အားလုံးပုံမှန်ပါပဲ"

"အေး ... ဂရုစိုက်ကွာ။ ကြက်ငှက်တုပ်ကွေးက အရမ်းစိုးရိမ်ရတယ်၊ ချက်ချင်းသိမှ ဖြစ်တာ ...

မင်းတို့ လည်း နှာခေါင်းစည်းတို့ လက်အိတ်တို့ သုံးဖို့ မပျင်းကြနဲ့ ၊

ဟိုကောင်တွေကိုလည်း သေချာမှာ ထားမှ ဖြစ်မယ်"

သူ့ခြံသည် ဒီနယ်တစ်ဝိုက်မှာ တော့ စိုက်ပျိုးရေးနှင့် မွေးမြူရေးကို တွဲဖက်လုပ်ကိုင်သော ခြံကြီးအဖြစ် ကျော်ကြားလေသည် ။ ခြံကြီးမှာ (၃ )ဧကကျော် ကျယ်ဝန်းသော အတော်သာယာ၍ စနစ် တကျရှိသော ခြံဟူ ၍ လည်း နာမည်ကြီးသေးသည် ။ ခြံရဲ့ အနောက်ဘက်စွန်းတွင် တောင် ကုန်းများ ၊ ဆင်ခြေလျှောများ နှင့် အဝေးမှ မှ ုင်းပြာရှမ်းရိုးမတောင်တန်းကြီးများက တကယ့်ပန်းချီကားတစ်ချပ် လို အသက်ဝင်နေသော ရှုခင်းပုံရိပ်များ ဖြစ်သည် ။ စိုက်ပျိုးရေးအပိုင်းနှင့် မွေးမြူရေးအပိုင်းကို သီးသန့်စီခွဲထားကာ အားလုံးကို သူက စနစ်တကျ နှင့် စီမံအုပ်ချုပ်သလို သူကိုယ်တိုင်လည်း ကိုယ်ဖိ ရင်ဖိ ကြိုးစားသဖြင့် အခုချိန်တွင် သူ့ရဲ့ ခြံလုပ်ငန်းမှာ အတော်တိုးတက်အောင်မြင်သည် ဟု ပြောရပါ မည်။

သို့သော် မသိလျှင် သူ့ကို ခြံပိုင်ရှင်တစ်ယောက်ဟု ဘယ်သူကမှ မထ င်ကြချေ။ သူက ကိုယ်တိုင်လည်း ထော်လာဂျီမောင်းသလို ကိုယ်တိုင်လ ည်း အပင်တွေကို ဆေးဖျန်းတတ်သေးသည် ။ ပြောရလျှင် သူ့ဘဝကို ဒီခြံကြီးထဲမှာ သာ မြှုပ်နှံထားခဲ့တာ ဖြစ်လေသည် ။

အသက်ရှည်ချင်စရာကောင်းသော အပင်တွေ၊ သစ္စာ မဖောက်တတ် သော တိရိစ္ဆာန်တွေကို သာ အခင်တွယ်ဆုံးဖြစ်သည် ။

"ကိုခြူး ဒီမှာ ကော်ဖီ"

"အေး ..."

သူက ဒေသထွက် သဘာဝကော်ဖီမှုန့်ကို နုပ်ဖျော်ထားသော ဓာတ် ဘူးထဲမှ ကော်ဖီကို ကြွေ မက်ခွက်ထဲ ငှဲ့ကာ ပူပူနွေးနွေး မော့သောက်လို က်သည် ။ အဲဒီအချိန်မှာ ပဲ ခြံတံခါး မပိတ်ရသေးသဖြင့်

မြင်ကွင်းကျယ်ဖြစ်နေသော သူတို့ မြင်ကွင်းထဲသို့ ပုံရိပ်တစ်ခုက ဝင်ရောက်လို့ လာတာပဲ ဖြစ်သည် ။

ဟော ... အခုနက မိန်းမ။ အဖြူရောင်ဝတ်စုံဖြင့် အိတ်တစ်လုံးကို ယိုင်တိယိုင်တိုင်ဆွဲကာ လျှောက်လို့ လာနေသည် ။ သူက လိုက်ခဲ့ပါဆိုတာတောင် သူ့ထော်လာဂျီကို စီးရမှာ သနသည့်ပုံမျိုးဖြင့် မလိုက်ချင်သောမိန်းမသည် အခုတော့ လျှာထွက်အောင်ပင် လမ်းလျှောက်လာခဲ့ရပြီဖြစ်သည် ။

"ကိုခြူး ... ဟိုမှာ မိန်းကလေးတစ်ယောက်ပါလား၊ အထုပ်အပိုးတွေနဲ့ ၊ ဘယ်ကိုလာတာလဲ မသိဘူး၊ သွားမေးကြည့်ရမလား၊ ကူညီသင့်ရင် ကူညီရအောင်လို့ "

အဲဒါက သူတို့ နယ်ဒေသတွေရဲ့ ချစ်စရာဓလေ့စရိုက်တစ်ခုဖြစ်သည် ။ သူတို့ ဆီမှာ ဘယ်သူ့ကို ပဲဖြစ်ဖြစ် ကူညီပေးဖို့ အဆင်သင့်ဖြစ်ကြသည် ။ အကူအညီ လာမတောင်းခင်ကတည်းက ပေးချင်နေ ကြသော ဖော်ရွေပွင့်လင်းသည့် စိတ်ထားတို့ ကို လူတိုင်းလိုလို ပိုင်ဆိုင်ကြလေသည် ။

"သွားမေးမနေနဲ့ ၊ အဲဒီမိန်းမက ခွဲခြား ခွဲခြားနဲ့ ၊ ဘဝင်က ခပ်မြင့်မြင့်ရယ်"

သူ့စကားကို နောင်ထွေးက အံ့ဩသလိုဖြင့် မျက်လုံးကြီးပြူးကာ ကြည့်သည် ။ အဲဒီအချိန်မှာ ပဲ ထိုမိန်းကလေးက ဟိုဟိုဒီဒီ ဝေ့ဝဲကြည့်ကာ သူတို့ ကို မြင်ပုံရသွားသည် ။ သို့သော် သူ့ကို မြင်မြင် ချင်းမှာ ကိုပဲ မျက်နှာကို ဆတ်ခနဲ လွှဲသွားလေသည် ။ ဟာ ... ဘလိုင်းကြီး။

"ကိုခြူး ... ဟိုမှာ သွားပြီ"

နောင်ထွေးက အိတ်ကိုဆွဲကာ ဆက်လျှောက်သွားသောမိန်းမကို မ

ကူညီပေးလိုက်ရဟန်ဖြင့် နှမြောတသစွာ လက်ညှိုးထိုး၍ ပြလိုက်သေး သည် ။

"သွားပစေပေါ့၊ အဲဒါ ဘာဖြစ်လဲ"

"သူ့ကြည့်ရတာ ဧည့်သည် ထင်ပါတယ် ကိုခြူးရာ"

"မင်းအဘကြီး၊ မှန်းတာလည်း တော်လိုက်တာ၊ ခက်နေဦးမယ်၊ အ တော်တော်တဲ့ ပညာရှိ၊ သေရင် အတော်ပုပ်စော်နံမယ့် ပညာရှိပဲ၊ ဒီအိတ် ကြီး ဆွဲလာမှ တော့ ဒီမြို့က ဟုတ်မလားကွ"

"အင်းလေ ... ဧည့်သည် လည်း ဧည့်သည် ၊ မိန်းကလေးလည်း မိန်း ကလေးတစ်ယောက် တည်းဖြစ်တဲ့ ဟာကို ကိုခြူးက ..."

နှောင်ထွေးက စကားကို ဆက်မပြောတော့သော်လည်း သူက ဒီ ကောင် ဘာကိုဆိုလိုချင်တယ် ဆိုတာကို သိသည် ။ နှောင်ထွေးရဲ့ ပခုံး တစ်ဖက်ကို ခပ်ဖွဖွပုတ်ကာ ...

"အဲဒီမိန်းမကို ငါ လာတုန်းက တွေ့ခဲ့ပြီးသားပါကွာ၊ ငါကတောင် သူ့ ကို လိုက်မလားလို့ ခေါ်သေးတယ်၊ အမယ်လေး ... ကြီးကြီးကျယ်ကျယ် နဲ့ မရှေ့ချောက စက်ကိုတောင် ပိတ်ခိုင်းထား သေးတယ်၊ နားငြီးတဲ့ ပုံစံ နဲ့ ...

ငါက အကောင်းခေါ်တာတောင် ရှင့်အရေးလားတွေ ဘာတွေနဲ့ ရန် တွေ့လွှတ်သေးတာ၊ လာကတည်းက ယဉ်သကိုပဲ ...

မင်းသွားမေးလည်း ဘာလာရောတာလဲ၊ ဘာကြောင်တာလဲဆိုပြီး ကောလွှတ်ရင် လွှတ်ဦးမှာ ၊ တို့ ရဲ့ စိတ်ရင်းကို သူတို့ က နားလည်တာ မဟုတ်ဘူး ကွ"

သူ့စကားကို နှောင်ထွေးက နားလည်လက်ခံသွားပုံ ...

"အင်း … အဲဒါတော့ ဟုတ်မယ်နော်၊ မြို့ကြီးသူတွေက မာနကြီးကြတယ်နဲ့ တူတယ်၊ ကိုခြုးက မန္တလေးမှာ ကျောင်းတက်လာတာပဲ ပိုသိမှာပေါ့"

"မသိပါဘူးကွာ၊ ငါက လူတွေထက် အပင်တွေနဲ့ တိရိစ္ဆာန်တွေကိုပဲ ပိုစိတ်ဝင်စားတာ …

အဲဒါ အကောင်းဆုံးပဲ"

သူ့စကားကို နောင်ထွေးက သဘောပေါက်ဟန်ဖြင့် ဘာမှ ပြန်မပြောပေ။ သူကတော့ တကယ့် ဘဝမှာ လည်း အဲဒီလိုပဲ ခံယူထားခဲ့တာဖြစ်သည် ။

*****

၂

မေသည် လက်နှစ်ဖက်ကို နောက်သို့ပစ်ထားလျက် ဧည့်ခန်းထဲကို လျှောက်ရင်းမှ စိတ်ထဲက တနုံ့နုံ့ဖြစ်မှုကို ဘယ်လိုဖွင့်ထုတ်ရမလဲဆိုတာ စဉ်းစားခဲ့သည် ။ မေ ခေါက်တုံ့ခေါက်ပြန် လမ်း လျှောက်နေတာကို ခြံစောင့်လင်မယားက မျက်လုံးအကြောင်သားဖြင့် ရှေ့သွာ ရှေ့လိုက်ကြည့်။ နောက်သွား နောက်လိုက်ကြည့်လျက်ရှိနေသည် ။

မေက လမ်းလျှောက်နေရာမှ ဆတ်ခနဲရပ်ကာ ဖျတ်ခနဲကြည့်လိုက်လျှင် ထိုလင်မယားနှစ် ယောက်စလုံးမှာ ခေါင်းတွေမတ်ခနဲဖြစ်သွားသည် ။ ဒီခြံစောင့်လင်မယားဟာ အတော့်ကို စည်းကမ်း မရှိ ညစ်ပတ်အကျင့်ပျက်ကြသော လင်မယားဖြစ်သည် ။ သူတို့ ကို သော့ပိတ်ထားသော အိမ်တစ်လုံး ရဲ့ သော့ကို အပ်ထားကာ ခြံထောင့်က တန်းလျားလေးမှာ နေစေတာကို အဲဒီမှာ မနေကြ။ သူတို့ က တစ်ထပ်တိုက်ပေါ်က တက်၍ နေသည် ။

လူမရှိတာမို့ အိမ်ပေါ်မှာ တက်နေကြတာကို မေက အပြစ်မတင်လိုတော့ပြီ။ သို့သော် တစ်အိမ် လုံးကို ရစရာမရှိ ညစ်ပတ်နေအောင် မရှင်းမလင်းဘဲ ထားတာကိုတော့ နည်းနည်းမှ ခွင့်မလွှတ်နိုင် တော့ချေ။ အိမ်ရှေ့ဧည့်ခန်းမှ ဖုန်များ သည် အိမ်ထဲမှာ လူလာသတ်သွားလျှင်တောင် တရားခံ၏ ခြေရာကို အထူးရှာစရာ လိုမည်မထင်ပေ။ နောက်ဖေး ထမင်းစားခန်းထဲမှာ တော့ စားပြီးသား အိုးခွက်ပန်းကန်တွေက မဆေးဘဲ

တောင်လိုပုံပြီး နေသည် ။

မေ ရောက်လာတဲ့ အချိန်အထိ လင်မယားနှစ်ယောက်ကား အိပ်ရာမထကြသေး၊ အသက်ထွက်မတတ် လမ်းလျှောက်လာခဲ့ရသမျှ ဒီရောက်တော့ သေချင်စော်နံအောင်ပင် အမောဆို့ရလေသည် ။

"ရှင်တို့ လုပ်ပုံ ကောင်းကြသေးရဲ့ လား"

"ဗျာ ..."

"ရှင် ..."

လင်မယားနှစ်ယောက်ထံမှ ပြိုင်တူပင် အသံက ထွက်လာသည် ။ မေက မျက်လုံးများကို မေးစင်းကြည့်ကာ ...

"ရှင်တို့ အပြစ်ကို ရှင်တို့ မသိကြဘူးလား၊ ဒီမှာ ရှင်တို့ ကို ဘာလုပ်ဖို့ တာဝန်ပေးထားတာလဲ"

"ဟို ... အိမ် ... အိမ်စောင့်ဖို့ ပါ"

"အိမ်စောင့်တယ်ဆိုတဲ့ စကားကို လက်လွတ်စပယ် မပြောနဲ့ ၊ ဒီအိမ်ရဲ့ အဆိုးအကောင်း အားလုံးကို တာဝန်ပေးထားတာ ...

အခုကြည့်စမ်း ဒီအိမ်ကိုလည်း တက်နေသေးတယ်၊ ရစရာမရှိအောင်လည်း ညစ်ပတ်ထားကြတယ်၊ ခြံထဲမှာ ဆိုတာလည်း တောကိုထလို့ ။ စားပြီးသား ပန်းကန်တွေက အပုံလိုက်၊ ဟား ... တော် တော်စုတ်ပွဲ့တဲ့ လူတွေ"

မေ့ရဲ့ ပျစ်ပျစ်နှစ်နှစ်အပြောကို မိန်းမဖြစ်သူက နှုတ်ခမ်းကို မဲ့ပြသည် ။ မေက စားပွဲခုံကို ဖြန်းခနဲ မြည်အောင် ရိုက်လိုက်တာ ...

"ဟို အမျိုးသမီး ... ရှင် ကျွန်မစကားကို ဘာမှ မဲ့ရွဲ့ပြနေစရာမလို

ဘူး၊ ကောင်းပြီ ရှင်တို့ ကို ကျွန်မ တစ်ခုပဲ ပြောမယ် ...

အဲဒါကတော့ ရှင်တို့ လင်မယားကို အလုပ်ဖြုတ်ပစ်တယ်ဆိုတာပဲ"

မေ့ရဲ့ စကားကို ကြားလျှင် လင်မယားနှစ်ယောက်စလုံးက ရှူးရှူးရဲရဲတွေ ဖြစ်လို့ သွားသည် ။ ယောကျ်ားလုပ်သူက အရှိန်မပြေသေးသော မျက်လုံးများ ဖြင့် နှာခေါင်းကို တစ်ချက်ပွတ်ကာ ...

"ဟာ ... ဒီလိုမျိုး ခင်ဗျား ဖြုတ်ချင်တိုင်း ဖြုတ်လို့ တော့ ဘယ်ရမလဲ ။ ကျွန်တော်တို့ ကို ခန့်ထားတာက ခင်ဗျားမှ မဟုတ်တာ"

လာသေးတယ် ကဇော်သမားကများ ။ မေဟာ စိတ်ထဲမှ ပျစ်ပျစ်နှစ်နှစ် ကျိန်ဆဲလိုက်ပြီး နောက် ဒီလင်မယားနှစ်ယောက်ကို ဒီအိမ်မှာ ဘယ်လိုမှ ဆက်ထား၍ မရတော့ဘူးဆိုတာ အလိုလို သိမြင်သွားသည် ။ ယောကျ်ားလုပ်သူက အချိန်ပြည့် မူးရူးနေမည့်ပုံပေါ်လျက် မိန်းမလုပ်သူက ပျင်းစ ရာရှိလျှင်တောင် ဝယ်ပျင်းမည့်အမျိုးဖြစ်သည် ။ အိုး ... မေနဲ့တော့ ဒီလိုလူမျိုးတွေနှင့် လုံးဝ ဖြစ်မည် မထင်ချေ။

မေသည် ညစ်ပတ်တာ၊ စည်းကမ်းမရှိတာ၊ အပျင်းထူတာလောက် မုန်းတာ မရှိတော့ပေ။ ပြီးတော့ ဒီလူတွေရဲ့ ပုံစံကို မေ မကြိုက်။ ရိုးသားမှု မရှိဟု မေက ထင်သည် ။

"ဒီမှာ ရှင်တို့ ကို ကျွန်မ အလုပ်မခန့်ခဲ့ပေမယ့် အလုပ်ဖြုတ်ပိုင်ခွင့်ရှိတယ် ဆိုတာတော့ သိထား၊ ကျွန်မက ရှင်တို့လို ခြံစောင့်မပြောနဲ့ စီမံကိန်းထဲက လူတွေကိုတောင် စိတ်မတွေ့ရင် အလုပ် ဖြုတ်ပစ်လို့ ရတယ်ဆိုတာ မှတ်သွားလိုက်ဦး ...

ဒီမှာ ရှိတဲ့ လုပ်ငန်းကြီးတစ်ခုလုံးကို အုပ်ချုပ်ဖို့ ရောက်လာတာ၊ ကဲ ... ဒီလောက် တရှည်တလျား ပြောရရင် သဘောပေါက်တော့၊ အထုပ်အ

ပိုးကို မြန်မြန်ပြင်ပြီးသာ ကြွပေတော့"

အဲဒီနောက် လင်မယားနှစ်ယောက်စလုံးက မေ့ကို စောင်ပေပေနှင့်ကြည့်ကာ စောင်းငန်း စောင်းငန်းနှင့် ထွက်သွားကြလေသည် ။ မေသည် သူတို့ ထွက်သွားမှ လေပူတစ်ချက်ကို ဖူးခနဲ မှုတ် ထုတ်ကာ တစ်အိမ်လုံးကို ဝေ့ဝဲကြည့်လျက် တောက်တစ်ချက်ခေါက်မိသည် ။ ကြည့်ပေဦး ... ဒီတစ် အိမ်လုံးကို မေတစ်ယောက်တည်းနှင့် ဘယ်လိုများ ရှင်းရလေမည်နည်း။

မေသည် ဖုန်အထပ်ထပ်ဖြင့် ညစ်နေသော ဆက်တီခုံပေါ်မှာ တောင်ထိုင်ရမှာ မသတီ၍ လက်ရန်းနေရာကိုသာ တစ်ရှူးနှင့်ပွတ်သုတ်၍ တင်ပါးစွန်းလေး တင်လွှဲထိုင်ရင်း ဒီအိမ်ကို ဘယ်လို ရှင်းရပ့ါဆိုတာကို စဥ်းစားအကြံထုတ်နေမိသည် ။ အဲဒီအချိန်မှာ ပဲ မေ့ရဲ့ လက်ကိုင်ဖုန်းက အသံမြည် လာခဲ့သည် ။ မေသည် Display ပေါ်မှ ဖုန်းနံပါတ်ကိုကြည့်လျက် တစ်ဖက်က မမြင်နိုင်မှန်းသိပါ လျက်နှင့်ကို မျက်လုံးပြူး နှုတ်ခမ်းကိုက်ပြမိသည် ။

ဖုန်းဖွင့်လိုက်လျှင် ...

"ဟိုင်း ... မေလေး နေကောင်းရဲ့ လား" ဆိုသော သာယာချိုမြနေသည့် အသံတစ်ခုကို နား ဆင်ရလေသည် ။

"နေကတော့ ကောင်းတယ်၊ စိတ်ကတော့ ရူးချင်နေပြီ သိလား၊ ဒီနေ့တော့ လုံးဝ တလွဲချည်း ပဲ"

"ဟာ ... ဟုတ်လား၊ ဘာတွေဖြစ်နေတာလဲ ပြောပါဦး"

"ဘာဖြစ်ရမှာ လဲ၊ လာကြိုတဲ့ ကားကလည်း အစုတ်ပလုတ်၊ ခြံကို ရောက်အောင် အဝေးကြီးပဲ လမ်းလျှောက်ရတယ်။

ဒီရောက်တော့လည်း ရင်ဝကို တမင်ဆီးကန်နေသလားတောင်မှတ်ရတယ်။ ခြံစောင့်ဇော်တိကလင်မယားက ကျွန်မရောက်တဲ့ အထိတောင် နိုးတော်မမူသေးဘူး ...

အသံပြာအောင် နှိုးယူရတယ်။ အိမ်ထဲမှာ ဆိုတာလည်း ပုဇွန်တောင် အမှိုက်ပုံဘေး ရောက်နေ သလား မှတ်ရတယ်။ ယောက်ျားက ကဇော်သမား၊ မယားက အပျင်းထူ လိုက်လည်း လိုက်တဲ့ လင် မယား ...

ကိုစျာန် ဘယ်လိုလူတွေကို အလုပ်ခန့်ထားတာလဲ"

မေ့ရဲ့ အပြောကို ကိုစျာန်က မဖြေသေးဘဲ တဟားဟားနှင့်သာ အော်ရယ်၍ နေလေတော့ သည် ။

"ကျွန်မ ပြောတဲ့ စကားထဲမှာ ဘာများ ရယ်စရာပါနေလို့ လဲ"

"မဟုတ်ပါဘူးကွာ။ မေလေးလိုလူမျိုးနဲ့ ဒီအဖြစ်မျိုးနဲ့ ကြုံရတယ်လို့ တွေးမိလို့ ပါ၊ ပြီးတော့ မေလေးပြောတာလည်း သဘောကျလို့ ...

ဒါကြောင့် မေလေးကို ပြောတာပေါ့၊ ဟိုတယ်မှာ ပဲ တည်းပါလို့ ၊ ဟိုတယ်ပြင်ဦးလွင်ဆို အခုမှ အသစ်ဆောက်နေတာ၊ အရမ်းမိုက်တယ်၊ ဟိုတယ်ကိုပဲ ပြောင်းတည်းပါကွာ၊ မေလေး တစ်ယောက် တည်း ကိုယ် စိတ်မချဘူး"

"အာ ... ဒီမှာ ခြံနဲ့ အိမ်နဲ့ တစ်လုံးကြီးရှိနေတဲ့ ဟာ ဟိုတယ်မှာ နေစရာလား၊ ကျွန်မက ဟိုတယ်မှာ နေချင်လို့ ပြောနေတာ မဟုတ်ဘူး ...

ဒီလိုပဲ စည်းမရှိ ကမ်းမရှိ လက်လွှတ်စပယ် ပစ်ထားတဲ့ ကိုစျာန်ကို အပြစ်ပြောနေတာ သိလား"

မေလေးရဲ့ အပြောကို စျာန်ရဲက တိုးဖွဖွရယ်မောရင်းမှ ဗွေမယူမိချေ ။ သူချစ်သော မေလေး ဆိုသည့် ကောင်မလေးက အင်မတန်မှ အသန့်အ

ရှင်းကြိုက်သူ။ စည်းကမ်းကြီးသူ။ စနစ်ရှိသူ။ ကောင်းပေ့ ညွှန့်ပေ့ဆိုတာမှ ကြိုက်တတ်သူ၊ ဘယ်အလုပ်ကိုမဆို အားကြိုးမာန်တက်နဲ့ ကောင်းကောင်းမွန်မွန် လုပ်တတ်သူစသဖြင့် အဲဒီဂုဏ်တွေနဲ့ ပြည့်စုံသော မိန်းကလေးတစ်ဦးဖြစ်သည် ။

သူမ မုန်တယ်ထင်လျှင် ဘယ်သူ့ကိုမဆို အကြောက်အလန့်မရှိဘဲ ဝေဖန်ပြောဆိုတတ်သော ဉာဉ်တစ်မျိုးကိုလည်း ပိုင်ဆိုင်ထားပြန်သေးလေရာ သူက အနှစ်သက်ဆုံးပဲ ဖြစ်တော့သည် ။

"မေလေး ပြောရင်လည်း ခံရတော့မှာ ပဲကွာ၊ လျှောက်လဲချက်ပေးရင်တော့ ရတာပေါ့၊ ဒါပေမဲ့ မပေးတော့ပါဘူး ...

ကဲ ... အခု အိမ်ရှုပ်ပွကြီးနဲ့ မေလေးတစ်ယောက် ဘာဆက်လုပ်မလဲ "

"အခုလောလောဆယ် ဆက်လုပ်မှာ တော့ ဖုန်းချပစ်ဖို့ ပဲ"

"ဟာ ... အဲဒီလိုတော့ မလုပ်နဲ့ လေကွာ"

"လုပ်ရမှာ ပဲ၊ ကြာရင် လူတစ်ကိုယ်လုံး နူလာသလို ဖြစ်လာလိမ့်မယ်။ ကားဂိုဒေါင်ထဲက ဂျစ်ကားကရော ဘယ်လိုပုံစံဖြစ်နေပြီလဲ မသိဘူး ၊ အဲဒီကားနဲ့ မန်နေဂျာကို သွားခေါ်ပြီး အလုပ် သမားတွေနဲ့ ဒီခြံကို ရှင်းဖို့ လင်းဖို့ စီစဉ်ရဦးမယ် ...

နို့မို့ကတော့ ဒီညအဖို့ အိပ်ပျော်မှာ ကို မဟုတ်ဘူး ရှင်ကြီးရေ သိပြီလား"

မေက ပြောပြောဆိုဆိုနှင့်ပင် ဖုန်းကို ပိတ်ချပစ် လိုက်လေသည် ။ အဲဒီနောက်မှာ တော့ ခရီး ရောက်မဆိုက်ပင် မနားနိုင်တော့ဘဲ ဂိုဒေါင်ထဲကို ဂျစ်ကားကိုထုတ်၊ မြို့ခံမန်နေဂျာထံကို သွား၊ အလုပ်သမားတွေကို

ခေါ်၊ အရင်ဆုံးအိမ်ထဲကို ရှင်းလင်း၊ နောက်တစ်နေ့မှာ ခြံထဲကို ရှင်းဖို့ ထပ်လာဖို့ မှာ ကြားကာ ရောက်ရောက်ချင်း တစ်နေ့မှာ တော့ မေသည် အတော့်ကို အီစလံဝေလို့ သွားရလေ သည် ။

*****

"ဖြစ်ပ့ါမလား နောင်ထွေးရာ၊ မင်း မဖြစ်လောက်သေးပါဘူး"

"အာ ... အစ်ကိုကလည်း ကျွန်တော့်ကို အထင်သေးလိုက်တာ။ ကျွန်တော် ကိုခြူးမောင်း တာကိုကြည့်ပြီး မျက်စိရည်ဝနေပါပြီဗျ ...

ဖြစ်ပါတယ်၊ မနက်စောစော လူရှင်းနေတဲ့ ဟာပဲ"

"ကဲ ... ဒါဆိုလည်း မောင်းကွာ"

သူက ခွင့်ပြုလိုက်သဖြင့် နောင်ထွေးက ဝမ်းသာအားရဖြစ်သွားကာ ထော်လာဂျီကို အားကုန် လှည့်၍ စက်နှိုးသည် ။ ဒီနေ့ သူတို့ ရဲ့ ပစ္စည်းတွေကို ပို့တာစောသဖြင့် အပြန်လမ်းမှာ နောင်ထွေးက ထော်လာဂျီကို စမ်းပြီးမောင်းပါရစေဟု ခွင့်တောင်းလာခြင်း ဖြစ်လေသည် ။ တဖုန်းဖုန်း တဒိုင်းဒိုင်း နှင့် စက်နိုးသွားလျှင် နောင်ထွေးက တက်မောင်း၍ သူက နောက်ထဲမှ နို့ပုံးအခွံများ နှင့် ကြက်ဥကတ် အလွတ်များကို ထိန်းကာ လိုက်ပါလာခဲ့သည် ။

နောင်ထွေးကား အတော်ကြီး ဟုတ်နေသဖြင့် လမ်းသွယ်ဘက်သို့ ချိုးကွေ့တာတောင် အရှိန် က မလျှော့ချေ။ မနက်စောစောမို့ လူရှင်းတာမှန်သော်လည်း အရှိန်များ ပါက မထိန်းနိုင်မှာ စိုးသဖြင့် သူက သတိပေးရလေသည် ။

"နောင်ထွေး လျှော့ထားဦး"

"အေးဆေးပါ ကိုခြူးရ"

"အကွေ့ရောက်ခါနီးပြီနော်၊ မင်း များ တယ်"

"မိုင်နာပါ ကိုခြူးရာ"

"ဟ ... ဟော့ကောင် ... ဟိုမှာ စက်ဘီး ... စက်ဘီး ... ရှောင် ... ရှောင်"

ထော်လာဂျီဆိုတာမျိုးက ကားစင်တီရာတိုင်တွေလို လွယ်လွယ်ကူကူ ကွေ့လို့ ရတာမဟုတ်။ ပြီးတော့ နောင်ထွေးဟာ မကျွမ်းကျင်သေးတာရော၊ လူကိုတိုက်မိမှာ စိုးတာရောကြောင့် ကြောက် ကြောက်လန့်လန့်နှင့် ဇွတ်ပဲကွေ့လိုက်လျှင် ဘယ်လိုမှ မထိန်းနိုင်တော့ဘဲ သူတို့ ထော်လာဂျီမှာ ဝုန်းခနဲ မှောက်သွားတော့လေသည် ။ အဲဒီလိုပဲ စက်ဘီးဟာလည်း ကိုးရိုးကားယားဖြစ်ကာ ခြံတစ် ခြံမှာ သွားတိုက်၍ ပစ်လဲကျသွားသည် ။

သုံးဦးသားစလုံးမှာ ဘယ်သူ့ဘယ်သူကိုမှ ဂရုမစိုက်နိုင်အားသေးဘဲ ကိုယ့်ဟာကိုယ်သာ ကုန်း၍ ထနေရသည် ။ သူတို့ က ထရခက်တာရော ပို၍ နာသွားတာရောကြောင့် တော်တော်နှင့် မတ်တတ်မရပ်နိုင်အားသေးခင်မှာ ပဲ စက်ဘီးနှင့် မိန်းကလေးက ဒေါသတကြီးပဲ အပြေးရောက်လာ ကာ ...

"ဒီမှာ ရှင်တို့ ထော်လာဂျီအစုတ်ပလုတ်ကို ဘယ်လိုမောင်းလာတာလဲ၊ တောက် ... စိတ်ပျက် ဖို့ ကောင်းလိုက်တာ၊ မမောင်းတတ်ဘူးလား၊ မမောင်းတတ်ရင်လည်း လမ်းပေါ်တက်မောင်း မနေ နဲ့ ၊ လူနုံလူဖျင်းတွေ"

သူတို့ တောင် ကောင်းကောင်း ထမရပ်ရသေး။ ထိုမိန်းမက ရန်တွေ့

နေသည့် မှာ ကက်ကက် လန်၍ နေလေသည် ။ သူသည် မတော်တဆဖြစ်တာကို တော်တန်ရုံဒေါသမထွက်ဘဲ ချိုးချိုးနှိမ်နှိမ် ပြောနေသော ထိုမိန်းမကို တစ်ချက် မော့ကြည့်မိသည် ။ မနေ့က သူ တွေ့ခဲ့သောမိန်းမ။ သူ့ထော်လာဂျီ ကိုစီးရမှာ မတူသလို မတန်သလိုလုပ်ခဲ့သော မိန်းမဆိုတာ ချက်ချင်းမှတ်မိလို့ သွားသည် ။ သူက ထောင်းခနဲ ထွက်လာသော ဒေါသတို့ နဲ့ အတူ သူမကို ဘာမှ ပြန်ပြောဖို့ စိတ်မကူးတော့ဘဲ နောင်ထွေးကိုသာ ဆွဲထူမ,လိုက်သည် ။

နောင်ထွေးကို မျက်ရိပ်တစ်ချက်ပြလိုက်ပြီးနောက် လဲနေသော ထော်လာဂျီကို ပြန်ထောင်ဖို့ ပြင်သည် ။ သူမကိုကား ဖုတ်လေသည့်ငါးပိ ရှိသည် လို့ တောင် မထင်သည့်ပုံစံ ဖမ်းထားလေသည် ။ သူမသည် ခုန်အုပ်တော့မည့် ကျားရဲမအသွင်ဖြင့် ရောက် လာပြီးလျှင် ...

"ဒီမှာ ရှင်တို့ နားတွေကန်းနေလား ... ဟမ်၊ ပြောနေတာ မကြားဘူးလား"

သူနှင့်နောင်ထွေးက လှည့်ကို မကြည့်ချေ။ သူက နောင်ထွေးကိုပင် စောစောစီးစီး လေ့ကျင့် ခန်းလုပ်ရတာပေ့ါကွာဟု လှည့်ပြောလိုက်သေးသည် ။ သူမကား ဆွေ့ဆွေ့ခုန်အောင် ဒေါသထွက်လာ ဟန်ဖြင့် သူ့ပခုံးကို ဆွဲလှည့်ပစ်လိုက်လျှင် မျက်နှာနှစ်ခုက တကယ့်ကို အနီးကပ်မျက်နှာချင်းဆိုင် ဖြစ်သွားရသည် ။

ဘာသနပ်ခါး၊ ဘာမိတ်ကပ်မှ လိမ်းကျံထားခြင်းမရှိသော ပန်းနုရောင် သဘာဝရှိသည့် မျက်နှာသည် လှချင်ပါရက်နှင့် မောက်မာဒေါသထွက်မှုကြောင့် ရုပ်ဆိုးအကျည်းတန်နေရသည် ။ သူ့ကို မျက်လုံးပြူး၍ အံကြိတ်ကြည့်နေပုံများ ဖျားလောက်စရာပင်။

"ရှင်တို့ ဘယ်လိုလူတွေလဲ၊ ကိုယ့်ကြောင့် မိန်းကလေးတစ်ယောက်

စက်ဘီးလဲရတဲ့ ကိစ္စကို ဘာကိစ္စ မဆိုင်သလိုလုပ်နေရတာလဲ ...

ယဉ်ကျေးမှုခေါင်းပါးလှချည်လား ... ဟင်"

"မင်းကရော ဘယ်လောက် ယဉ်ကျေးနေလို့ လဲ၊ ပုံစံကိုက လူကို မတူမတန် အချိုးမျိုးနဲ့ ၊ ဒီမှာ အားလုံးမတော်တဆဖြစ်တာချည်းပဲ၊ တမင်လုပ်တာ မဟုတ်ဘူး ၊ မင်းကစပြီး ကက်ကက်လန် စွာနေလို့ ဘာမှ မမေးတော့တာ ရှင်းလား"

"အောင်မာ ... အောင်မာ ... ဘရိတ်မမိတဲ့ ထော်လာဂျီအစုတ်ကိုလည်း မောင်းလာသေး တယ်၊ လေက မလျှော့ဘူး၊ နေစမ်းပါဦး၊ မကျွမ်းကျင်ဘဲနဲ့ ဘာကိစ္စ လုပ်စားနေရတာလဲ၊ ပြောစမ်းပါ ဦး"

"ဒီမှာ အမိ။ ငါ့ဘာသာ ထော်လာဂျီအစုတ်မကလို့ ဘာပဲမောင်းမောင်း မင်း ဘာမှ ဝေဖန် စရာ မလိုဘူး။ မင်းကကော ဘယ်လောက်ချမ်းသာနေတဲ့ မိန်းမမို့လဲ။ ရထားလုံးတောင် မငှားနိုင်တဲ့ သူကများ "

သူ့စကားကို သူမက ဒေါသချောင်းချောင်းထွက်သွားဟန်ဖြင့် အသားတွေတောင် တဆတ် ဆတ်တုန်လာသည် ဟု ထင်ရလေသည် ။

"ရှင် ဘာစကားပြောတာလဲ၊ ရထားလုံး မငှားနိုင်ဘူးလို့ ရှင့်ကို ပြောမိခဲ့လို့ လား၊ တောက် ... ယဉ်ကျေးမှုမရှိတဲ့ လူ ...

မိန်းကလေးတစ်ယောက်ကို ဒုက္ခရောက်အောင်လည်း လုပ်သေးတယ်၊ နည်းနည်းလေးမှ မတောင်းပန်တဲ့ အပြင် ယောက်ျားတန်မဲ့ ကဲ့ရဲ့ လိုက်သေးတယ်။ အလကားလူ"

သူမရဲ့ ပျစ်ပျစ်နှစ်နှစ်အပြောကြောင့် သူက မျက်လုံးများကို မေးစင်းကြည့်လိုက်ရင်းမှ ခနိုး ခနဲ့ ပြုံးလိုက်သည် ။

"ငါ အလကားလူဆိုတာ မင်းက ဘယ်လိုလုပ်သိတာလဲ၊ ပေါင်းကြ

ည့်ဖူးလို့ ပြောနိုင်တာ လား"

"ဘာ ... ရှင် ... ရှင် ... မိုက်ရိုင်းလှချည်လား"

"ဟာ ... ငါ့စကားထဲမှာ ယုတ်ရင်းကြမ်းတမ်းတာ တစ်ခုမှ မပါဘူး။ မြန်မာစကားပုံတစ်ခုရှိ တာ မင်း မကြားဖူးဘူးလား။ လူ့အကြောင်း ပေါင်းကြည့်မှ သိတဲ့ ။ မင်းက ငါ့ကို အလကားလူလို့ ပြော ရအောင် ငါနဲ့ အပေါင်းအသင်းလုပ်ဖူးလို့ လား၊ ဒါကိုမေးတာ ဘာတွေးနေတာလဲ"

"တောက် ... ရှင့်လို ကျက်သရေတုံးတဲ့ လူနဲ့ စကားဖက်ပြောမိတာကိုက အမှား"

သူမက ဆောင့်ဆောင့်အောင့်အောင့်နှင့်ပြောကာ ချာခနဲ လှည့်ထွက်သွားလေသည် ။ ပြီးတဲ့ နောက်မှာ တော့ ပြိုင်ဘီးကိုတက်၍ နင်းသွားပုံမှာ တရကြမ်း။ သူက ဂရုမစိုက်ဟန်ဖြင့် ပခုံးတစ်ချက် တွန့်ကာ ပြန်လှည့်လိုက်လျှင် မျက်နှာငယ်လေးနှင့် ကြည့်နေသော နောင်ထွေးကို တွေ့လိုက်ရသည် ။

သူက နောင်ထွေးရဲ့ ပခုံးက အားပေးသလို တစ်ချက်နှစ်ချက် ပုတ်လိုက်ကာ ...

"စိတ်မကောင်းဖြစ်မနေနဲ့ ၊ တတ်ခါစကတော့ ဒီလိုပဲဖြစ်တတ်ပါတယ်၊ ကဲ ... မ,လိုက်ရ အောင်"

"ကိုချို ... အဲဒါ ဟို ... ဟိုဘက်ခြံက"

"ဟိုဘက်ခြံ ...။ ဟိုဘက်ခြံမှာ က လင်မယားနှစ်ယောက်တည်းနေတာပါ"

"အဲဒါက ခြံစောင့်တွေ ကိုချိုးရဲ့ ။ အဲဒီမိန်းမက ပိုင်ရှင်လေ။ မနေ့ကမှ ရောက်လာတာ။ အဲဒါ သူ့စိတ်နှင့် မတွေ့လို့ ဆိုပြီး လင်မယားနှစ်

ယောက်စလုံးကို ချက်ချင်းပဲ အလုပ်ထုတ်ပစ်လိုက်တယ်တဲ့ ...

ဒီမိန်းမ ကြည့်ရတာ တော်တော်ဆိုးပုံ ပေါ်တယ်နော်"

"အလကားပါကွာ။ သူ့ကိုယ်သူ ဘာများ ထင်နေလဲ မသိဘူး။ တစ်လောကလုံးမှာ သူ့လောက် မြင့်မြတ်တဲ့ လူ မရှိဘူးဆိုပြီး သွေးနားထင်ရောက်နေတဲ့ ပုံစံမျိုးပဲ"

"ဒါပေမဲ့ အခုကိစ္စမှာ တော့ ကျွန်တော်တို့ က မှားတာပါဗျာ။ သူ့ဟာ သူစက်ဘီးစီးလာတာ ကျွန်တော့်ကြောင့်သာ ဒီလိုမဖြစ်ရင် ဘာပြဿနာမှ တက်စရာအကြောင်း မရှိဘူးလေ ...

မှားတာကတော့ ကျွန်တော်ပေါ့"

နောင်ထွေးက နဂိုကတည်းက စိတ်ရှည်သည်းခံကာ တစ်ဖက်သားကို သနားတတ်သူမို့ အပြုံ သဘောဆောင်ကာ ပြောဆိုတတ်နေလေသည်။ မှားတာကတော့ ကိုယ့်ဘက်က စ,မှားတာ ဖြစ်ပေ မယ့် သူမ ပုံစံက ဆတ်ဆတ်ထိမခံ နှိမ်ချစော်ကားဒေါသကြီးနေသည် မို့ သူကလည်း အောက်ကျ နောက်ကျ မခံနိုင်ခြင်းပင် ဖြစ်လေသည်။

ပြောရလျှင်ပင် သူကလည်း မိန်းမတွေကို သိပ်သည်းခံတတ်သူ မဟုတ်တာလည်း ပါပါသည်။

"ဟုတ်ပါတယ်၊ ဒါပေမဲ့ မင်းလည်း သူ ပြောတာတွေ ကြားသားပဲ၊ သူ့ကို တောင်းပန်ဖို့ ငါတို့ မှာ ကုန်းရုန်းထနေတုန်း ရှိနေသေးတယ်၊ သူကတော့ ဒေါသစိတ်ကြောင့် နာရကျင်ရကောင်းမှန်း တောင် မသိဘူး၊ ကုန်းထ လာပြီး အသားကုန် နွှာတော့တာပဲ"

သူ့စကားကို နောင်ထွေးက သဘောကျဟန်ဖြင့် ဟက်ခနဲရယ်လိုက်သည် ။ ဒီလောက် အပြောခံထားရတာတောင် နာရကောင်းမှန်း မသိ

သောစိတ်ဓာတ်မှာ ကောင်းတော့ကောင်းပါသည် ။

"ဘာပဲဖြစ်ဖြစ် အိမ်နီးနားချင်းဆိုတော့ တွေ့တော့တွေ့နေရမယ်နဲ့ တူတယ်။ အဆင်မပြေဖြစ် နေရင်တော့ မကောင်းဘူးထင်တယ်နော်"

သူက ရှေ့ရေးအတွက်ပါ တွေးပူနေသော နောင်ထွေးရဲ့ ဦးခေါင်း လေးကို သဘောကျစိတ်ဖြင့် ပုတ်လိုက်ကာ ...

"ကဲ ... အခုလောလောဆယ် သူ့အကြောင်းကို ခေါင်းထဲက ထုတ် ထားလိုက်တော့ မင်း စ, ထားတဲ့ ဇာတ်လမ်းကို ရှင်းကြဦးစို့"

အဲဒီနောက်မှာ တော့ သူဟာ အပေါက်ဆိုးဆိုးမိန်းမကို ခေါင်းထဲက ထုတ်ထားပစ်တော့လျက် သူတို့ နှစ်ဦးသည် နို့ပုံးတွေ၊ ကြက်ဥကတ်တွေ ကောက်ရှင်းရင်းနှင့် အလုပ်ရှုပ် မောဟိုက်ကြရတော့ သည် ။

*****